**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com

# တစ်ပတ်အတွင်းမြန်မာ့နိုင်ငံရေးသတင်းအကျဉ်းချုပ် [၀၄၈/ ၂၀၁၁]

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၀၄) ရက်နေ့မှ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ (၁၀) ရက်နေ့အထိ

## ကြံ့ဖွံ့အစိုးရ

- မြန်မာနိုင်ငံကို မကြာခင် ရောက်ရှိလာမည့် ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် ရှိတ်ဟာစီနာ၏ ချစ်ကြည်ရေးခရီးစဉ်ကို ကြိုဆိုသည့်အနေဖြင့် မြန်မာနိုင်ငံ အကျဉ်းထောင်များတွင် ပြစ်ဒဏ်ကျခံနေရသည့် ဘင်္ဂလားဒေ့ရှ် နိုင်ငံသား ၃၅ ယောက်ကို မြန်မာအာဏာပိုင်များက ပြစ်ဒဏ်များလျှော့ပေါ့ကာ လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်သည်ဟု ဒီဇင်ဘာ ၄ ရက်နေ့ထုတ် မြန်မာအစိုးရသတင်းစာများတွင် ဖော်ပြထားသည်။ (RFA 041211) Read More…
- အခြေခံပညာမူလတန်းမှ အထက်တန်းအထိ ပုဂ္ဂလိကပညာသင်ကျောင်းများ ဖွင့်လှစ်လုပ်ကိုင်လိုသူများအတွက် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေတစ်ရပ်ကို ဒီဇင်ဘာ ၂ ရက်နေ့က သမ္မတ ဦးသိန်းစိန်မှ အတည်ပြုပြဋ္ဌာန်းလိုက်ပြီး ယင်းဥပဒေထဲတွင် နိုင်ငံရေးနှင့် ဘာသာရေးအကြောင်းအရာများ သင်ကြားပို့ချပါက အနည်းဆုံးထောင်ဒဏ် ၁ နှစ်မှ အများဆုံး ၃ နှစ်အထိ ကျခံရမည့်အပြင် ကျပ် ၃ သိန်းထက် မပိုသည့်ငွေဒဏ်များလည်း သတ်မှတ်ပြဋ္ဌာန်းထားသည်။ (DVB 041211) Read More…
- အသစ်ပြဋ္ဌာန်းထားသည့် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေအရ တသီးပုဂ္ဂလကိုယ်စားလှယ် ဦးဝင်းချို အပါအဝင် ခုနစ် ဦး၏ ဆန္ဒဖော်ထုတ်ခွင့်တောင်းဆိုမှုအား အာဏာပိုင်များက ဆိုင်းငံ့ထားပြီး ပြန်လည်လျှောက်ထားရန် ညွှန်ကြားလိုက်သည်။ (Mizzima 061211) Read More…
- အသစ်ပြဋ္ဌာန်းထားသည့် အလုပ်သမားအဖွဲ့အစည်းဥပဒေအရ ပဲခူး ချည်မျှင် အထည်ချုပ်စက်ရုံနှင့်သားရေစက်ရုံ အလုပ်သမားသမဂ္ဂ တည်ထောင်ခွင့် လျှောက်ထားမှုအား အာဏာပိုင်များက ပယ်ချလိုက်ကြောင်း အလုပ်သမား သမဂ္ဂဖွဲ့စည်းရေး ကော်မတီမှ ပြောခွင့်ရ ဦးစန်းမောင်ကပြောသည်။ (Mizzima 071211) Read More…
- နိုင်ငံတော်အစိုးရ သစ်တောရေးရာဝန်ကြီး၊ ချင်းပြည်နယ်ဆင်းရဲမွဲတေမှုလျှော့နည်းရေး တာဝန်ခံဦးဝင်းထွန်းသည် ဒီဇင်ဘာ ဆန်းပိုင်းက ချင်းပြည်နယ်အထက်ပိုင်း မြို့အချို့သို့ရောက်ရှိလာကာ ကျန်းမာရေး၊ ပညာရေး၊ လျှပ်စစ်စွမ်းအင်အတွက် ငွေကြေး ထောက်ပံ့မှုများပြုလုပ်ခဲ့သည်။ (Khonumthung 071211) Read More…
- မြန်မာနိုင်ငံရောက် ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် ရှိတ်ခ် ဟာဆီနာနှင့် သမ္မတဦးသိန်းစိန်တို့ တွေ့ဆုံဆွေးနွေးမှုနှင့်ပတ်သက်၍ နှစ်နိုင်ငံအကြား ပြဿနာတစုံတရာမရှိကြောင်း သမ္မတအကြံပေး ဦးနေဇင်လတ်က ပြောသည်။ (BBC 071211) Read More…
- ကချင်လွတ်လပ်ရေး တပ်မတော် (KIA) ထိန်းချုပ်ဒေသများရှိ စစ်ပြေးဒုက္ခသည်များအား နိုင်ငံတကာအကူအညီများမပေးနိုင်ရန် အစိုးရကဆက်လက်ပိတ်ပင်ထားဆဲဖြစ်ကြောင်း ဒုက္ခသည်များကူညီကယ်ဆယ်ရေးအဖွဲ့ကပြောသည်။ (Irrawaddy 081211) Read More…
- ရုရှားနိုင်ငံတက္ကသိုလ်များတွင် နျူကလီးယား သိပ္ပံနှင့်ဒုံးကျည်ဆိုင်ရာ ပညာရပ်များကိုလေ့ကျင့်သင်ကြားရန် မြန်မာအစိုးရက စေလွှတ်သည့်စစ်အရာရှိများ ယခုချိန်အထိရာချီရှိနေဆဲဖြစ်ကြောင်း တိုင်းမ်မဂ္ဂဇင်းတွင် ဖော်ပြထားသည်။ (Irrawaddy 091211) Read More…
- မကြာသေးခင်က အမေရိကန်ပြည်ထောင်စုနှင့် မြန်မာအစိုးရတို့၏ ဆက်ဆံရေးကဏ္ဍသစ် စတင်ခဲ့သည့်အတွက်ကြောင့် မြန်မာနိုင်ငံ၏ အစဉ်အလာ မိတ်ဆွေဖြစ်သော တရုတ်နိုင်ငံနှင့် ဆက်ဆံရေး ထိခိုက်မည်မဟုတ်ကြောင်း၊ မြန်မာနှင့်တရုပ်တို့သည် အိမ်နီးချင်းကောင်း နှင့် မိတ်ဆွေစစ်မိတ်ဆွေမှန်များဖြစ်ကြောင်း အောက်လွှတ်တော် ဥက္ကဋ္ဌ သူရ ဦးရွှေမန်းက ဒီဇင်ဘာ ၈ ရက်နေ့တွင် ပြောဆိုလိုက်သည်။ (RFA 091211) Read More…

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- အစိုးရ၏ အကျဉ်းသားများ လွှတ်ပေးရေးဆိုရာတွင် နိုင်ငံရေးအကျဉ်းသားနှင့် ယုံကြည်ချက်အကျဉ်းသားတို့ဆိုသည့် စကားလုံး အသုံးအနှုန်းများကို အငြင်းပွားနေခြင်းမရှိဘဲ နိုင်ငံ့အရေးကို စိတ်ဝင်တစားလုပ်မည့်သူများကို ဦးစားပေးလွှတ်ပေးရန် လုပ်ဆောင်နေ သည်ဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ရွှေမန်းက ဒီဇင်ဘာ ၉ ရက်နေ့တွင် ပြောကြားလိုက်သည်။ (BBC 091211) Read More..., VOA...
- 'ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်အတွင်း ရောက်လာမှာကို ကြိုဆိုပါတယ်' ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက နိုင်ငံတော်သမ္မတကိုယ်စား အယ်လ်ဂျာဇီးယားသတင်းဌာနကို လွှန်ခဲ့သည့် ဒီဇင်ဘာ ၁ ရက်နေ့က နေပြည်တော် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားလိုက်သည်။ (Myanmar Times Vol.28, No.547 09-151211) Read More...
- တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့အားလုံးနှင့် အပစ်အခတ်ရပ်စဲပြီးသွားပြီးနောက် ပင်လုံညီလာခံထက် ပိုမိုကျယ်ပြန့်သည့် မြန်မာ နိုင်ငံလုံးဆိုင်ရာ အမျိုးသားညီလာခံတစ်ရပ်ကို ခေါ်ယူသွားမည်ဖြစ်ကြောင်း အစိုးရကိုယ်စာလှယ်များက ရှမ်းပြည် ပြန်လည် ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် RCSS/SSA နှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးစဉ် ကတိပေးခဲ့ကြောင်း RCSS/SSA ပြောခွင့်ရပုဂ္ဂိုလ် ဗိုလ်မှူးကြီး စိုင်းလောင်စိုင်းက ပြောသည်။ (RFA 101211) Read More...

## တပ်မတော်

### (က) စစ်ဆင်ရေး

- အစိုးရတပ်နှင့် ကချင်ပြည်လွတ်မြောက်ရေးတပ်မတော် KIA တပ်ဖွဲ့အကြား တိုက်ပွဲဖြစ်ပွားနေသည့် ဒေသများသို့ ယခုရက်ပိုင်းအတွင်း ရာနှင့်ချီသည့် စစ်ထရပ်ကားများ ပို့ဆောင်နေသည်ဟု ဒေသခံတစ်ဦးက ပြောသည်။ (NMG 091211) Read More...

### (ခ) လူ့အခွင့်အရေးချိုးဖောက်မှုများ

- ကချင်ပြည်နယ် ဗန်းမော် – လွယ်ဂျယ်ကားလမ်း အောက်ဘက်ရှိ မုန်လွယ်ကျေးရွာတွင် မကွေးအခြေစိုက် တပ်မ ၈၈မှ တပ်ရင်း ၃၊ ခမရ ၃၁၇၊ ခမရ ၄၁၅ မှ စစ်သားများက ဒီဇင်ဘာ ၆ ရက်နေ့က ကျေးရွာတွင်းသို့ဝင်ရောက်လာကာ နေအိမ်နစ်လုံးကို မီးရှို့ဖျက်ဆီးလိုက်ကြောင်း ဒေသခံများကပြောသည်။ (Kachinland 081211) Read More...
- ကချင်ပြည်နယ်ရှိ အစိုးရတပ်များက လွန်ခဲ့သည့် နိုဝင်ဘာလကုန်ပိုင်းတွင် မြစ်ကြီးနား မြို့ခံ လူငယ် ၂၀ ဦးကို ပေါ်တာ အဖြစ်ဖမ်းဆီးကာ ရှေ့တန်းသို့ပို့ဆောင်ခဲ့ရာတွင် အမျိုးသမီး (၂) ဦးပါရှိကြောင်း၊ ၎င်းအမျိုးသမီးငယ် ၂ ဦးကို ညစဉ်အုပ်စုလိုက် မုဒိန်းကျင့်နေကြောင်း ပြန်လည်လွတ်မြောက်လာသူ လူငယ်တစ်ဦးကပြောသည်။ (Kachinland 091211) Read More...

## လွှတ်တော်

- ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြင်ဆင်နိုင်မှသာလျှင် အဖွဲ့၏ လုပ်ငန်းဖော်ဆောင်မှုများ အောင်မြင်ရာရောက်မည်ဖြစ်ကြောင်း ဥပဒေပညာရှင်အချို့က ပြောဆိုလိုက်ကြသည်။ (RFA 091211) Read More...
- လွှတ်တော်မှ ပထမဆုံးဖွဲ့စည်းလိုက်ပြီး ပြည်သူ့လွှတ်တော် ဒု-ဥက္ကဋ္ဌ ဦးဆောင်သော ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင်၏ လုပ်ငန်းများ မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဒီဇင်ဘာ ၉ ရက်နေ့ ရန်ကုန်မြို့ ရွှေဂုံတိုင် ယုဇနတာဝါတွင် ကော်မရှင်ရုံးခန်းကို ဖွင့်လှစ်လိုက်သည်။ (DVB 091211) Read More...

## အခြားနိုင်ငံရေးပါတီများ

- အမျိုးသားဒီမိုကရေစီအင်အားစု NDF ပါတီနှင့် NDF ပါတီမှ ထပ်မံခွဲထွက်ခဲ့သည့် အမျိုးသားဒီမိုကရေစီပါတီသစ် (NNDP) တို့မှ ကိုယ်စားလှယ်များအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် ဝင်ရောက် ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်တွင် ဝင်ပြိုင်မည်မဟုတ်ကြောင်း ပါတီခေါင်းဆောင်အသီးသီးက ပြောဆိုလိုက်ကြသည်။ (VOA 051211) Read More...

**NDD- မှတ်တမ်းတင်နိုင်သူတေသနဌာန**

- ဒီမိုကရေစီမိတ်ဆွေ ၁၀ ပါတီက ကြံ့ဖွံ့ပါတီ၏ ရန်ကုန်တိုင်း နိုင်ငံရေးမှူး ဦးအောင်သိန်းလင်းနှင့်တွေ့ဆုံစဉ် လွှတ်တော်အတွင်း အရေးကြီးသည့် ဥပဒေများလွှတ်တော်တွင် မတင်သွင်းခင်ကျန်ပါတီများကို ကြိုတင်အသိပေးရန် အပါအဝင် အချက်လေးချက် တင်ပြခဲ့သည်ဟု တွေ့ဆုံပွဲတက်ခဲ့သူ အမျိုးသားဒီမိုကရေစီအင်အားစု NDF ပါတီ ဥက္ကဋ္ဌ ဒေါက်တာသန်းငြိမ်းကပြောသည်။ (Mizzima 061211) Read More…
- လာမည့် ၂၀၁၂ ခုနှစ် ဇန္နဝါရီလအတွင်း ချင်းအမျိုးသားတပ်ဦးနှင့်လက်ရှိ ချင်းပြည်နယ်အစိုးရ တွေ့ဆုံမည့်အပေါ် ချင်းအမျိုးသား ပါတီကထောက်ခံကြိုဆိုလိုက်သည်။ (Khonumthung 061211) Read More…
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD မှ ခွဲထွက်ပြီး ၂၀၁၀ ရွေးကောက်ပွဲဝင် အမျိုးသားဒီမိုကရေစီအင်အားစု NDF ပါတီဥက္ကဋ္ဌ ဒေါက်တာသန်းငြိမ်းက မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အဆုံးအဖြတ်ကို ခံယူရန် ၎င်းတို့ပါတီအနေဖြင့် အသင့်ရှိပါသည်ဟု ပြောဆိုလိုက်သည်။ (DVB 061211) Read More…
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD မှ ခွဲထွက်ခဲ့ပြီးနောက် လက်ရှိ ရန်ကုန်တိုင်း လသာမြို့နယ်မှအနိုင်ရ အမျိုးသားဒီမိုကရေစီ အင်အားစု NDF ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်က ပြန်လည်မှတ်ပုံတင်သော NLD ပါတီ၏ အဖွဲ့ဝင်အဖြစ်ပြန်လည် လျှောက်ထားရန် ဆုံးဖြတ်လိုက်သည်ဟု ပြောသည်။ (RFA 071211) Read More…

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

- ညီအကို နှစ်ဦး ဦးဆောင်သော ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီသည် ဥပဒေချိုးဖောက်မှုများပြုလုပ်နေကြောင်း၊ ဆက်လက်လုပ်ဆောင်နေပါက ပါတီဖျက်သိမ်းခံရ သည်အထိ အရေးယူသွားမည်ဖြစ်ကြောင်း ဗဟို ရွေးကောက်ပွဲကော်မရှင်က သတိပေးလိုက်သည်။ (Mizzima 071211) Read More…

## အတိုက်အခံအင်အားစုများ (ပြည်တွင်း)

### (က) ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

- လာမည့် ကြားဖြတ်ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံမည်မဟုတ်ကြောင်း အသက် ၈၅ နှစ်အရွယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဒု-ဥက္ကဋ္ဌ ဦးတင်ဦးက ပြောကြားလိုက်သည်။ (DVB 041211) Read More…
- ရွေးကောက်ပွဲကော်မရှင်က ပါတီမှတ်ပုံတင်ခွင့် ပြုလိုက်ပြီဆိုလျှင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အနေဖြင့် ၁၉၈၈- ၈၉ ခုနှစ် ပါတီ တည်ထောင်ခဲ့စဉ်ကာလအတိုင်း မြို့နယ်တိုင်းတွင် စည်းကော်မတီနှင့် ရုံးခွဲများကို ပြန်လည်ဖွဲ့စည်းရန် စီစဉ်နေသည်ဟု အဖွဲ့ချုပ်ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်ကပြောသည်။ (RFA 041211) Read More…
- ဒီဇင်ဘာ ၅ ရက်နေ့က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အမေရိကန်ပြည်ထောင်စု ဗားဂျီးနီးယားပြည်နယ် နည်းပညာတက္ကသိုလ် Virginia Tech ကျောင်းသူကျောင်းသားများနှင့် အင်တာနက် ဗီဒီယိုမှတဆင့် မြန်မာနိုင်ငံဒီမိုကရေစီရေးနှင့် ပညာရေးကိစ္စရပ်များကို တိုက်ရိုက်ဆွေးနွေးခဲ့သည်။ (RFA 051211) Read More…
- အသစ်ပြန်လည်ဖွဲ့စည်းနေသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD သို့ ပြည်ပရောက်မြန်မာနိုင်ငံသားများလည်း ပါတီဝင်အဖြစ် လျှောက်ထားနိုင်ပြီး အင်တာနက်မှတဆင့် ပါတီဝင်လျှောက်လွှာများကို လက်ခံသွားမည်ဖြစ်ကြောင်း NLD ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (Mizzima 051211) Read More…
- နိုင်ငံရေးအကျဉ်းသားများ ကူညီထောက်ပံ့ရေး အစီအစဉ်အရ မန္တလေးအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အဖွဲ့ဝင်များက ခန္တီးထောင်ရှိ NLD အဖွဲ့ဝင် ဦးညီပုနှင့်သားဖြစ်သူ ကိုကျော်သူရအတွက် အလှူငွေ ၃ သိန်း ၁ သောင်း ထောက်ပံ့ပေးခဲ့သည်ဟု လက်ခံရရှိသူ ဦးညီပု၏ သမီးဖြစ်သူ မတိုးတိုးလွင်က ပြောသည်။ (RFA 091211) Read More…
- ပြည်နယ်နှင့်တိုင်းရင်းသားဒေသများတွင် စစ်ဒဏ်ကြောင့် ဒုက္ခရောက်နေရသူများအတွက် ပြည်မနေလူထုမှ လူသားချင်းစာနာမှု အကူအညီများ ဝိုင်းဝန်းပံ့ပိုးပေးကြရန်နှင့် ပြည်တွင်းစစ်ရပ်စဲပြီး နိုင်ငံရေးအရဆွေးနွေးမှုများဖြစ်ပေါ်လာရန် ပြည်သူတစ်ရပ်လုံး အနေဖြင့် လူထုလှုပ်ရှားမှုအသွင်ဖြင့် ဝိုင်းဝန်းတိုက်တွန်းကြရန် သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင်က ဒီဇင်ဘာ ၉ ရက်နေ့တွင် တိုက်တွန်း နှိုးဆော်လိုက်သည်။ (RFA 091211) Read More…

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီ ပြန်လည်တည်ထောင်ခွင့်ရရေးအတွက် လျှောက်ထားခဲ့သည့် ၂၁ ဦးပါ အဖွဲ့ဝင်များကို နယ်မြေခံသတင်းတပ်ဖွဲ့နှင့် စုံစမ်းစစ်ဆေးရေး (စစရ) အဖွဲ့ဝင်များက လိုက်လံစစ်ဆေးနေသည်ဟု စစ်ဆေးခံလိုက်ရသည့် မကွေးတိုင်း အဖွဲ့ချုပ်ဝင် ဒေါ်ခင်စောဌေးက ပြောသည်။ (DVB 091211) Read More…
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီက လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရရေးအတွက် ဒီဇင်ဘာ ၁၀ ရက်နေ့က တောင်ငူခရိုင်တွင် ပါတီအောင်နိုင်ရေးကော်မီတီဖွဲ့စည်းလိုက်သကဲ့သို့ တနင်္သာရီတိုင်း မြိတ်ခရိုင်တွင်လည်း အလားတူဖွဲ့စည်းလိုက်သည်။ (RFA 101211) Read More…
- မြန်မာနိုင်ငံသားများအနေဖြင့် ရရှိနေသည့်အခွင့်အရေးများကို ဆုပ်ကိုင်ပြီး ပြည်တွင်းငြိမ်းချမ်းရေးအတွက်ဝိုင်းဝန်းကြိုးပမ်းကြရန် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ၄င်း၏ နိုဘဲလ်ငြိမ်းချမ်းရေးဆု ရရှိသည့် နှစ် (၂၀) မြောက် ဂုဏ်ပြုပွဲ အခမ်းအနားတွင် တိုက်တွန်းပြောကြားလိုက်သည်။ (VOA 101211) Read More…

(ခ) အခြားတက်ကြွလှုပ်ရှားသူအင်အားစုများ

- အင်းစိန်ထောင်တွင်း လွန်ခဲ့သည့် စက်တင်ဘာလ ၂၆ ရက်နေ့က အကျဉ်းသားအခွင့်အရေးအတွက် ၂ ပတ်ကြာ အစာတော်ခံ ဆန္ဒပြခဲ့သည့် နိုင်ငံရေးအကျဉ်းသားများကို ဆေးကုသခွင့်မပေးသည့်အပြင် အချို့ကို ယခုအချိန်ထိ ထောင်ဝင်စာတွေ့ခွင့်ပြုခြင်းမရှိဟု နိုင်ငံရေးအကျဉ်းသားမိသားစုများ အကျိုးဆောင်ကွန်ယက်အဖွဲ့က ပြောသည်။ (BBC 041211) Read More…
- ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များအပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး မလွတ်မချင်းအစိုးရမှ ကျင်းပသည့် ရွေးကောက်ပွဲများ၌ မည်သည့်နည်းနှင့်မျှ ပါဝင်ယှဉ်ပြိုင်မည် မဟုတ်ကြောင်း ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့က ကြေညာချက်ထုတ်ပြန်လိုက်သည်။ (Mizzima 051211) Read More…
- ကချင်ပြည်နယ်အတွင်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည့်အတွက် စစ်ပြေးဒုက္ခသည်များကို ရန်ကုန် နာရေးကူညီမှုအသင်းက သွားရောက်ကူညီမှုများ ပြုလုပ်နေကြောင်း အသင်း ဥက္ကဋ္ဌ ဦးကျော်သူက ပြောသည်။ (BBC 061211) Read More…
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဝန်းရံပံ့ပိုးရန် သဘောတူညီထားသည့် ၈၈ မျိုးဆက်ကျောင်းသားများမှ ကျောင်းသားအချို့က လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်ရှိသည်ဟု ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုဖြိုးမင်းသိန်းက ပြောသည်။ (DVB 061211) Read More…
- လာမည့် သီတင်းပတ်အတွင်း နိုင်ငံရေးအကျဉ်းသားများစာရင်း အတိအကျ ထုတ်ပြန်နိုင်ရန်အတွက် နောက်ဆုံး စုဆောင်းရရှိသည့် နိုင်ငံရေးအကျဉ်းသားဦးရေ ၅၅၀ ခန့် စာရင်းကို နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေးလှုပ်ရှားမှု လက်မှတ်များ စုဆောင်းသည့်အဖွဲ့ (Signature Campaign) က အတည်ပြုရန် ကြိုးပမ်းနေသည်ဟု ဦးဆောင်စီစစ်နေသူ ကိုတိုးကျော်လှိုင်က ပြောသည်။ (RFA 081211) Read More…
- ၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့အနေဖြင့် လာမည့်ကြားဖြတ် ရွေးကောက်ပွဲကို ဝင်ပြိုင်မည်မဟုတ်ကြောင်း ဒီဇင်ဘာ ၅ ရက်နေ့ ထုတ်ပြန်ကြေညာချက်အပေါ် ၂၀၀၇ ဗကသ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုတို့က ထောင်ခံကြောင်း ဒီဇင်ဘာ ၉ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်ပြောဆိုလိုက်ကြသည်။ (RFA 091211) Read More…, KIC…
- ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျရောက်သည့် ၆၃ ကြိမ်မြောက် ကမ္ဘာ့လူ့အခွင့်အရေးနေ့ အခမ်းအနားကို လူ့အခွင့်အရေး ကာကွယ်မြှင့် တင်သူများကွန်ရက် HRDP က ရေဝတီတိုင်း ဘိုကလေးမြို့ အမှတ် (၄) ရပ်ကွက်တွင် ပြုလုပ်ကျင်းပခဲ့ရာ HRDP အားတည်ထောင်သူ ဦးမောင်မောင်လေးက အစိုးရဟောင်း၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို အစိုးရသစ်မှအမွေဆက်ခံထားဆဲ ဖြစ်ကြောင်း ပြောကြားလိုက်သည်။ (RFA 101211) Read More…, BBC…

တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- အစိုးရ၏ငြိမ်းချမ်းရေးကိုယ်စားလှယ်များနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ KIO ကိုယ်စားလှယ်တို့၏ လွန်ခဲ့သည့် နိုဝင်ဘာလ ၂၉ ရက်နေ့က တွေ့ဆုံခဲ့ကြသော်လည်း အပစ်အခတ်ရပ်စဲရေးအတွက် နှစ်ဘက်သဘောတူညီချက်ရရှိရန် အခြေအနေဝေးနေသေး ကြောင်း KIO ပြောခွင့်ရပုဂ္ဂိုလ် ဦးလနန်က ပြောသည်။ (RFA 041211) Read More…
- အပစ်ရပ်ပြီးပါက ထာဝရငြိမ်းချမ်းရေးရရန် နိုင်ငံရေးဆွေးနွေးမှုများ လုပ်ဆောင်သွားမည်ဟု ပြည်ထောင်စုဝန်ကြီးဘက်မှ ဦးစွာပြော ဆိုခဲ့မှုသည် ထူးခြားချက်ဖြစ်ကြောင်းနှင့် ယင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်မည်ဟု အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် ထပ်မံ ဆွေးနွေးရန်ရှိသည့် ချင်းအမျိုးသားတပ်ဦး CNF အနေဖြင့်ယူဆကြောင်း CNF တွဲဘက်အထွေထွေ အတွင်းရေးမှူး ၁ ဒေါက်တာ ရွှေခါးကပြောသည်။ (BBC 041211) Read More…

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ သျှမ်းပြည်တပ်မတော် RCSS/SSA မှ ဗိုလ်မှူးချုပ် စိုင်းလူဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ရထားပို့ဆောင်ရေး ဝန်ကြီး ဦးအောင်မင်းဦးဆောင်သည့် အစိုးရကိုယ်စားလှယ်တို့အကြား အပစ်ခတ်ရပ်စဲရေးကို မူအားဖြင့် ဒီဇင်ဘာ ၂ ရက်နေ့က သဘောတူစာချုပ်ချုပ်ဆိုလိုက်သည့်အပေါ် ရှမ်းပြည်သူအသိုင်းအဝိုင်းက ကြိုဆိုလိုက်သည်။ (DVB 041211) Read More…
- မြန်မာသမ္မတ ဦးသိန်းစိန်၏ ငြိမ်းချမ်းရေးကမ်းလှမ်းချက်ဖြစ်သည့် တွေ့ဆုံဆွေးနွေးရေးလမ်းစဉ်သည် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ -UNFC ကို ဖြိုခွဲခြင်းနည်းဗျူဟာသာဖြစ်သည်ဟု UNFC အထွေထွေအတွင်းရေးမှူး နိုင်ဟံသာက ပြောကြားလိုက်သည်။ (KIC 051211) Read More…, KNG…
- ကချင်လွတ်လပ်မြောက်ရေးတပ်မတော် KIA တပ်ဖွဲ့ဝင်များက ကချင်ပြည်နယ်တွင်း ဖောက်ခွဲမှု၊ မီးရှို့ဖျက်ဆီးမှုနှင့် ပစ်ခတ်သတ်ဖြတ်မှုများ ပြုလုပ်နေသည်ဟု ဒီဇင်ဘာ ၅ ရက်နေ့ထုတ် အစိုးရသတင်းစာများတွင် ဖော်ပြပါစွပ်စွဲချက်သည် မှန်ကန်မှုမရှိကြောင်း ကချင်လွတ်မြောက်ရေးအဖွဲ့ KIO ပြောခွင့်ရသူ ဦးလနန်က ငြင်းဆိုလိုက်သည်။ (DVB 051211) Read More…
- မြန်မာစစ်တပ်အတွင်း သျှမ်းပြည်တပ်မတော်နှင့် အပစ်ရပ်ရန် ဒီဇင်ဘာ ၃ ရက်နေ့ကထုတ်ပြန်လိုက်ပြီဖြစ်သဖြင့် သျှမ်းပြည်တပ်မတော်ကလည်း မိမိတပ်တွင်းနှင့် လက်အောက်ခံတပ်များအား အလားတူထုတ်ပြန်လိုက်ပြီဖြစ်ကြောင်း RCSS ခေါင်းဆောင် ဒု-ဗိုလ်ချုပ်ကြီးယွက်စစ်ကပြောသည်။ (S.H.A.N 061211) Read More…
- သျှမ်းပြည်မြောက်ပိုင်း တရုတ်နယ်စပ် မုန်းကိုမြို့မှ မြန်မာအစိုးရ စစ်ဗျူဟာကုန်းနှင့် ရဲစခန်းအား ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ (KIA)မှ ဒီဇင်ဘာ ၅ ရက်နေ့က ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ရဲနှင့် အစိုးရတပ်သား စုစုပေါင်း ၁၈ ဦး ကျဆုံးခဲ့ကြောင်း KIA အရာရှိများက ပြောသည်။ (KNG 061211) Read More…
- နေပြည်တော်အစိုးရ၏ ပြည်နယ်အဆင့် ပဏာမသဘောတူညီချက်များကို သျှမ်းပြည်တပ်မတော် တောင်ပိုင်းတပ်ဖွဲ့ ခေါ် RCSS/SSA ဗဟိုဦးစီးကော်မတီဝင်များမှ မျက်နှာစုံညီအစည်းအဝေး နှစ်ရက်ပြုလုပ်၍ ထုထုအားအသိပေးချပြမည်ဖြစ်ကြောင်း ကော်မတီဝင်များကပြောသည်။ (S.H.A.N 071211) Read More…
- ကချင်ပြည်နယ် မြို့တော်မြစ်ကြီးနားမြို့ပတ်ဝန်းကျင်တွင် ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ (KIA)၏ ဒီဇင်ဘာ ၆ ရက်နေ့ တိုက်ခိုက်မှုတစ်ခုတွင် မြန်မာအစိုးရစစ်သား ၃ ဦးကျပြီး ၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံများပြောသည်။ (KNG 071211) Read More…
- မြန်မာအစိုးရက အပစ်အခတ်ရပ်စဲရေးအတွက် ကရင်အမျိုးသားအစည်း (KNU) အား ငြိမ်းချမ်းရေးကမ်းလှမ်းဆွေးနွေးမှုများ လုပ်ဆောင်နေသော်လည်း လက်တလောမှာ ကရင်ပြည်နယ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားနေဆဲဖြစ်သည်ဟု KNU က ပြောဆိုလိုက်သည်။ (KIC 081211) Read More…
- ကချင်ဒေသတွင် ကချင်လွတ်မြောက်ရေး တပ်မတော်-KIA နှင့်မြန်မာစစ်တပ်တို့အကြား တိုက်ပွဲများဆက်လက်ပြင်းထန်လျှက်ရှိပြီး စစ်ကြောင့် နေအိမ်စွန့်ခွာ ထွက်ပြေးရသည့် စစ်ပြေးဒုက္ခသည်ဦးရေလည်း ပို၍များပြားလာသည်ဟု KIA မှ ဒီဇင်ဘာ ၈ ရက်နေ့က ပြောကြားလိုက်သည်။ (KIC 081211) Read More…
- ကချင်ပြည်နယ် အရှေ့ပိုင်း ပူထောဘွမ် (Wuhtau Bum) ဝန်းကျင် မြန်မာအစိုးရတပ်နှင့် ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ (KIA) တို့အကြား တိုက်ပွဲ ၇ ရက်ဆက်တိုက်ဖြစ်ပွားရာ မြန်မာအစိုးရတပ်မှ ၃၀၀ ကျော်ကျဆုံး၍ ၂၀၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း KIA အရာရှိများကပြောသည်။ (KNG 081211) Read More…
- ကချင်ပြည်နယ် မန်မော် (ဗန်းမော်)ခရိုင် လော့ဒန်ကုန်း (Lawdan Kadawng)တွင် စစ်ကားနှစ်စီးနှင့် ချီတက်လာသော မြန်မာအစိုးရစစ်သားများကို ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ (KIA) တပ်ရင်း ၁ မှ နိုဝင်လာ ၇ ရက်နေ့က မိုင်းခွဲတိုက်ခိုက်ခဲ့သည်။ (KNG 081211) Read More…
- သေနတ်ဒဏ်ရာဖြင့် မူဆယ်ဆေးရုံသို့ ရောက်ရှိလာသည့် အရပ်သားအား ကချင်ပြည် လွတ်မြောက်ရေး တပ်မတော် KIA တပ်ဖွဲ့ဝင်များက ဖမ်းဆီးနှိပ်စက်ခဲ့သည်ဟု ဒီဇင်ဘာ (၇) ရက်နေ့ထုတ် အစိုးရသတင်းစာဖော်ပြမှုသည် မှန်ကန်မှုမရှိကြောင်း KIO ပြောခွင့်ရပုဂ္ဂိုလ် ဦးလနန်က ပြောသည်။ (NMG 081211) Read More…
- သျှမ်းပြည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် RCSS/SSA နှင့် အစိုးရကိုယ်စားလှယ်တို့၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ပဏာမသဘောတူ လက်မှတ်ရေးထိုးထားမှုသည် လက်ရှိအခြေအနေအရ အပစ်ရပ်သည့်အဆင့်တစ်ဆင့်သာရှိနေပြီး ကျန်သည့်အဆင့်များ ဆက်လက်ဆွေးနွေးရမည်ဟု RCSS/SSA ဒု-ဗိုလ်ချုပ်ကြီး ယွက်ဆစ်က ပြောသည်။ (BBC 091211) Read More…
- အစိုးရစစ်တပ်များ အလုံးအရင်းဖြင့် ရက်သတ္တတစ်ပတ်ကြာ ထိုးစစ်ဆင်တိုက်ခိုက်နေသည့် မြစ်ကြီးနား - ကန်ပိုက်တီ လမ်းပေါ်ရှိ KIA တပ်ရင်း ၃ လက် အောက်ခံ ဝူထောင်ဘွမ်စခန်းအား KIA တပ်ဖွဲ့မှ ဒီဇင်ဘာ ၈ ရက်နေ့ ညနေက ဆုတ်ခွာပေးလိုက်ကြောင်း KIA စစ်ဘက်အသိုင်းအဝိုင်းကပြောသည်။ (S.H.A.N 091211) Read More…

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- မြန်မာအစိုးရတပ်မတော်နှင့်အပစ်ရပ်သဘောတူခဲ့သော်လည်း အပစ်ရပ်ခိုင်မာရေးအတွက် မြန်မာအစိုးရအပေါ်တွင်သာမူတည်ကြောင်း ပြည်ပြန်လည်ထူထောင်ရေး/သျှမ်းပြည်တပ်မတော် RCSS/SSA ခေါင်းဆောင် ဒု-ဗိုလ်ချုပ်ကြီးယွက်စစ်ကပြောသည်။ (S.H.A.N 091211) Read More…
- တနင်္သာရီတိုင်း၊ ပလောမြို့နယ် တစ်နေရာတွင် လှုပ်ရှားနေသည့် အစိုးရစစ်တပ်အား KNU တပ်မဟာ (၄) တပ်ဖွဲ့၏ ချုံခိုတိုက်ခိုက်မှုကြောင့် ၂ ဦးကျဆုံး၍ ၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ဒေသခံရွာသားများကပြောသည်။ (KIC 091211) Read More…
- ဘားအံမြို့ အခြေစိုက် ကရင်ငြိမ်းချမ်းရေး ကော်မတီ-KPC နှင့် ကရင်အမျိုးသားအစည်းအရုံး-KNU တို့သည် ဒီဇင်ဘာလ ၇ ရက်နေ့က ထိုင်း-မြန်မာနယ်စပ်တစ်နေရာတွင် ငြိမ်းချမ်းရေးကိစ္စနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း KNU ဗဟိုသစ်တောဌာနတာဝန်ခံ ပဒိုစောအားတိုးက ပြောသည်။ (KIC 091211) Read More…
- ရခိုင်ပြည်လွတ်မြောက်ရေး တပ်မတော်နှင့် ဗမာတပ်တော်တို့အကြား နိုဝင်ဘာလ ၂၇ ရက်နေ့က ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့နယ်တွင် ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားခဲ့ကြောင်းALP တွဲဘက် အထွေထွေအတွင်းရေးမှူး ၂ ခိုင်သုခက ပြောသည်။ (Narinjara 091211) Read More…

## အတိုက်အခံအင်အားစုများ (ပြည်ပ)

- မြန်မာနိုင်ငံနှင့်ပတ်သက်လာလျှင် အမေရိကန်နှင့် တရုတ်တို့သည် ထိပ်တိုက်ရင်ဆိုင်မတွေ့ဘဲ ညှိနှိုင်း ဆွေးနွေးယူကြမည့်သဘောတွေ့ရသည်ဟု တရုတ်နိုင်ငံအခြေစိုက် ဗမာပြည် ကွန်မြူနစ်ပါတီ၏ ပြောခွင့်ရပုဂ္ဂိုလ် ရဲဘော်ဖိုးသံချောင်းကပြောဆိုလိုက်သည်။ (RFA 071211) Read More…
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ခွင့်ပြုလိုက်သည့် နိုင်ငံရေးပါတီသစ်အဖြစ် မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီသည် ပြည်ပအခြေစိုက်ပြီး ၁၉၈၈ ခုနှစ်မှစတင်ဖွဲ့စည်းခဲ့သည့် လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ DPNS နှင့် ပတ်သက်မှုမရှိကြောင်း DPNS ဥက္ကဋ္ဌ ကိုအောင်မိုးဇော်ကပြောကြားလိုက်သည်။ (DVB 071211) Read More…
- စစ်ကိုင်းတိုင်း ဟုမ္မလင်းအထက် မိုင် ၃၀ အကွာရှိ ချင်းတွင်းမြစ်ပေါ်တွင် မြန်မာနှင့် အိန္ဒိယအစိုးရတို့ ပူးပေါင်းတည်ဆောက်နေသည့် ထမံသီရေကာတာ စီမံကိန်းကို ရပ်တန့်ပေးရန် အိန္ဒိယနိုင်ငံရောက် ကူကီးတိုင်းရင်းသားများနှင့်မြန်မာ့အရေးလုပ်ဆောင်သူများက နယူးဒေလီမြို့တွင် ဒီဇင်ဘာ ၈ ရက်နေ့က ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ (RFA 081211) Read More…, BBC…

## နိုင်ငံတကာ

### (က) ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရအဖွဲ့အစည်းများ

- တိုင်းရင်းသားဒေသ ငြိမ်းချမ်းရေးရရှိရန် အရပ်သားအစိုးရက ဆောင်ရွက်နေချိန်တွင် တပ်မတော်ကပါဝင်ပတ်သက်ခြင်း မပြုသင့်ကြောင်း ကုလသမဂ္ဂ၏မြန်မာနိုင်ငံ လူ့အခွင့်အရေး ကိုယ်စားလှယ် မစ္စတာ သောမတ် အိုဟေးကွင်တားနားက ပြောဆိုလိုက်သည်။ (Irrawaddy 091211) Read More…
- ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် မစ္စတာဗီဂျေး နမ်ဘီးယားက စစ်ပွဲများဖြစ်နေသည့် နိုင်ငံမြောက်ပိုင်းဒေသများရှိ စစ်ပြေးဒုက္ခသည်များကို လူသားချင်းစာနာသည့် အကူအညီများပေးရန် မြန်မာအစိုးရကို တောင်းဆိုလိုက်သည်။ (VOA 091211) Read More…

### (ခ) အစိုးရ

- ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ်ဗ္ဗိ မီယာစနီကိုဗစ်ချ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာလ ၂ ရက်နေ့က သမ္မတ ဦးသိန်းစိန်နှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား အကျိုးတူပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ (EMG 041211) Read More…
- မြန်မာနိုင်ငံတွင် နိုင်ငံရေးလွတ်လပ်ခွင့်များအတွက် အစပျိုးသည့်ခြေလှမ်းများ တွေ့နေရသော်လည်း လက်တွေ့စစ်မှန်သည့်ပြောင်းလဲမှုများရှိလာရန် ရှေ့ဆက်လုပ်ဆောင်စရာများစွာကျန်ရှိနေသေးကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ထပ်မံပြောဆိုလိုက်သည်။ (VOA 051211) Read More…

## NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန

- မြန်မာနိုင်ငံတွင် အခြေခံအလုပ်သမားထုတစ်ရပ်လုံးကို အကာကွယ်ပေးနိုင်မည့် အလုပ်သမားသမဂ္ဂ ဖွဲ့စည်းခွင့်ဥပဒေကို ပြဌာန်းလိုက်သော်လည်း ယင်းဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်သည့်နေရာတွင် အဟန့်အတားများ ရှိနေဆဲဖြစ်ကြောင်း အီတလီ အလုပ်သမားရေးရာ လှုပ်ရှားမှုအဖွဲ့ ICWTU ကိုယ်စားလှယ် မစ္စ စီစီလီယာ ဘရိတ်ကီက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်တွေ့ဆုံစဉ် ပြောဆိုလိုက်သည်။ (VOA 061211) Read More…
- ဘင်္ဂလားဒေ့ရှ်ရှိ ရိုဟင်ဂျာဒုက္ခသည်များနှင့်အထောက်အထားမဲ့ မြန်မာနိုင်ငံသားများအရေးကို အလျင်အမြန်ဖြေရှင်းရန်လိုအပ်ဟု ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီနာကပြောဆိုကြောင်း ၎င်း၏မြန်မာနိုင်ငံ ခရီးစဉ်အတွင်း ပူးတွဲထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ (Mizzima 081211) Read More…
- မြန်မာ့နိုင်ငံရေးတွင် တိုးတက်ပြောင်းလဲမှုများရှိလာရန် ဒေသတွင်းမဟာမိတ်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများရနိုင်ရန်အတွက် အာရှ ၃ နိုင်ငံခရီး စတင်ခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ်၊ ဒဲရက်ခ် မစ်ချဲလ်သည် တောင်ကိုရီးယားနိုင်ငံမှတဆင့် ဂျပန်နိုင်ငံကို ရောက်နေပြီဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရသူကပြောသည်။ (VOA 081211) Read More…, BBC…
- တရုတ်နိုင်ငံ ယူနန်ပြည်နယ်လုံရှန်ခရိုင် လာရိန်းဒေသတွင် ဝင်ရောက်ခိုလှုံနေသော ကချင်စစ်ပြေးဒုက္ခသည်များ နေရပ်ရင်းပြန်ရန် တရုတ်အာဏာပိုင်များက ဒီဇင်ဘာ ၉ ရက်နေ့ နံနက်က ပြောကြားလာခဲ့သည်ဟု ကချင်လွတ်မြောက်ရေးအဖွဲ့၏ ဒုက္ခသည်ကူညီရေးအဖွဲ့များက ပြောသည်။ (Mizzima 091211) Read More…, KNG…
- ဒီမိုကရေစီ အသွင်ပြောင်းလဲရေးအတွက် အိမ်နီးချင်းနိုင်ငံများက အားပေးခဲ့သောကြောင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီကို ရှေးရှုသည့် လိုက်လျောမှုအသွင်များ တွေ့မြင်လာနေရပြီဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတ Yudhoyono က လေးကြိမ်မြောက် ကမ္ဘာ့ဒီမိုကရေစီဆိုင်ရာ ထိပ်သီးအစည်းအဝေးတွင် ပြောဆိုလိုက်သည်။ (RFA 091211) Read More…

### (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- အမေရိကန် ပြည်ထောင်စု ဝါရှင်တန်ဒီစီအခြေစိုက် နိုင်ငံတကာ ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့အဖွဲ့ NED အကြီးတန်းညွှန်ကြားရေးမှူး Mr. Brian Joseph က မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တို့ကို ဒီဇင်ဘာ ၅ ရက်နေ့က လာရောက်တွေ့ဆုံခဲ့သည်ဟု ဒု-ဥက္ကဌ ဦးတင်ဦးက ပြောသည်။ (RFA 061211) Read More…
- ဗာတီကန် ပုပ်ရဟန်းမင်းကြီး Benedict ၏ အထူးကိုယ်စားလှယ် ဂိုဏ်းချုပ်ဘုန်းတော်ကြီး Martino သည် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒီဇင်ဘာ ၈ ရက်နေ့တွင် တွေ့ဆုံပြီး လက်ရှိမြန်မာနိုင်ငံမှ နိုင်ငံရေး၊ ဘာသာရေးအခြေအနေများနှင့်ပတ်သက်၍ ပုပ်ရဟန်းမင်းကြီး၏ အမှာစကား လက်ဆောင်ကို ပြောဆိုခဲ့ကြသည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (RFA 081211) Read More…, VOA…

---

***End of report/ Saturday, December 10, 2011***
**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။**
***Documentation and Research Department (NDD)***

---